# အသည်းရောင်အသားဝါ အေ ကာကွယ်ဆေး

## *သင်သိသင့်သိထိုက်သည့် အရာများ*

ကာကွယ်ဆေးအချက်အလက် မှတ်တမ်း အများအပြားကို စပိန် နဲ့ တခြားဘာသာစကားတွေနဲ့ ရနိုင်ပါတယ်။
www.immunize.org/vis မှာ ကြည့်ပါ။

Hojas de Información Sobre Vacunas están disponibles en Español y en muchos otros idiomas. Visite http://www.immunize.org/vis

## 1 အသည်းရောင်အသားဝါ အေဆိုတာ ဘာလဲ။

အသည်းရောင်အသားဝါ အေ ဆိုတာ (HAV) ကြောင့် ဖြစ်တဲ့ပြင်းထန်တဲ့ အသည်းရောဂါပါ။ HAV ကို အသည်းရောင်အသားဝါ အေ ရှိတဲ့လူတွေရဲ့ မစင်မှာ တွေ့ရပါတယ်။

သာမန်အားဖြင့် လူချင်း နီးနီးကပ်ကပ် ထိတွေ့ရာက ပြန့် ပွားပြီး တခါတလေ HAV ပါတဲ့ အစာစားရာက ဒါမှမဟုတ် ရေသောက်ရာက ပြန့် ပွားပါတယ်။ အသည်းရောင်အသားဝါ အေ ရှိသူတစ်ယောက်က အိမ်ထောင်စုတစ်ခုထဲက လူတွေဆီသို့ ဒီရောဂါကို အလွယ်တကူ ကူးစက်စေနိုင်ပါတယ်။

အသည်းရောင်အသားဝါ အေ ကြောင့်အောက်ပါတို့ ဖြစ်နိုင်ပါတယ်။ ။

- "တုပ်ကွေးလို" ဖျားနာတာ
- အသားဝါတာ (အသား ဒါမှမဟုတ် မျက်လုံးဝါတာ၊ ဆီးအရောင်ရင့်တာ)
- အကြီးအကျယ် ဗိုက်အောင့်ပြီး ဝမ်းလျှောတာ (ကလေးတွေ)

အသည်းရောင်အသားဝါ အေ ရှိသူတွေက (လူ ၅ ယောက်မှာ ၁ ယောက်လောက် အထိ) ဆေးရုံတက်ရလေ့ ရှိပါတယ်။

အသည်းရောင်အသားဝါ အေ ရှိတဲ့ အရွယ်ရောက်သူတွေက တစ်လလောက်အထိ အလုပ်မလုပ်နိုင်လောက်အောင် ဖျားနာကြပါတယ်။

တခါတလေ အသည်းရောင်အသားဝါ အေကြောင့် လူတွေ သေဆုံးကြပါတယ် (ဖျားနာသူ ၁,၀၀၀ မှာ ၃ ယောက်ကနေ ၆ ယောက်လောက် သေဆုံးပါတယ်)။

အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးက အသည်းရောင်အသားဝါ အေ ကို ကာကွယ် တားဆီးနိုင်ပါတယ်။

## 2 အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးကို ဘယ်သူထိုးရမလဲ။ ပြီးတော့ ဘယ်တော့ ထိုးရမလဲ။

### ဘယ်သူထိုးရမလဲ။

*တချို့လူတွေက အသည်းရောင်အသားဝါ အေ ကာကွယ်ဆေး ပုံမှန်ထိုးရပါမယ်။*

- ကလေးတွေအားလုံး သူတို့ရဲ့ ပထမနဲ့ ဒုတိယ မွေးနေ့တွေကြား (အသက် ၁၂ လ မှ ၂၃ လအထိ)။
- အသက် ၁ နှစ်နဲ့ အထက်ရှိပြီး အသည်းရောင်အသားဝါ အေ များစွာ သို့မဟုတ် အသင့်အတင့် အထိ တွေ့ရတဲ့ အလယ်ပိုင်း အမေရိက ဒါမှမဟုတ် တောင်အမေရိက၊ မက္ကဆီကို၊ (ဂျပန်ကလွဲပြီး) အာရှ၊ အာဖရိကနဲ့ အရှေ့ဥရောပတို့လို နေရာတွေမှာရှိတဲ့ နိုင်ငံတွေကို ခရီးသွားမယ့်လူတွေ ဒါမှမဟုတ် ဒီနိုင်ငံတွေမှာ အလုပ်လုပ်နေသူတွေ။ ပိုမိုသိရှိလိုပါက www.cdc.gov/travel မှာ ကြည့်ပါ။
- ရောဂါဖြစ်ပွားမှု များပြားလို့ ကာကွယ်ဆေး ပုံမှန်ထိုးဖို့ အကောင်အထည်ဖော်နေတဲ့ ပြည်နယ်တွေ ဒါမှမဟုတ် အသိုင်းအဝိုင်းတွေမှာနေတဲ့ အသက် ၂ နှစ်က ၁၈ နှစ်အထိ ကလေးတွေနဲ့ ဆယ်ကျော်သက်တွေ။
- ယောက်ျားအချင်းချင်း လိင်ဆက်ဆံသူတွေ။
- လမ်းပေါ်က မူးယစ်ဆေးဝါး သုံးစွဲသူတွေ။
- နာတာရှည် အသည်းရောဂါ ရှိသူတွေ။
- သွေးခဲစေတဲ့ အဆီအနှစ်တွေနဲ့ ဆေးကုသမှု ခံယူနေသူတွေ။
- HAV ရောဂါပိုးရှိတဲ့ မျောက်တွေနဲ့ လုပ်ကိုင်တဲ့လူတွေ ဒါမှမဟုတ် သုတေသန ဓာတ်ခွဲခန်းတွေမှာ HAV နဲ့ အလုပ်လုပ်သူတွေ။
- အသည်းရောင်အသားဝါ အေ အများအပြားတွေ့ရတဲ့ နိုင်ငံတစ်နိုင်ငံက ကလေးတစ်ယောက် မွေးစားဖို့ ဒါမှမဟုတ် အဲဒီလိုနိုင်ငံက အသစ်ရောက်လာမယ့် ကလေးကို ကြည့်ထားဖို့ စီစဉ်နေတဲ့ အိမ်ထောင်စုတွေက လူတွေ။

*တချို့အခြေအနေတွေမှာ တခြားလူတွေကလည်း အသည်းရောင်အသားဝါ အေ ကာကွယ်ဆေး ရယူနိုင်ပါတယ် (အသေးစိတ် အချက်အလက်တွေကို သင့်ဆရာဝန်ကို မေးပါ)။*

- အသည်းရောင်အသားဝါ အေ ဖြစ်နေတဲ့နေရာတွေက အသိုင်းအဝိုင်းတွေမှာရှိတဲ့ ကာကွယ်ဆေး ထိုးမထားတဲ့ ကလေးတွေ၊ ဒါမှမဟုတ် ဆယ်ကျော်သက်တွေ။
- အသည်းရောင်အသားဝါ အေပိုင်းရပ်စ်ပိုးနဲ့ ထိတွေ့ ဖူးပြီး ကာကွယ်ဆေး ထိုးမထားတဲ့လူတွေ။
- အသည်းရောင်အသားဝါ အေပိုးကို တားဆီးကာကွယ်ချင်တဲ့ အသက် ၁ နှစ် နဲ့အထက် လူတွေ။

အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးက အသက် ၁ နှစ်အောက် ကလေးတွေ အတွက် ခွင့်ပြုချက်လိုင်စင်ရမထားပါဘူး။

### ဘယ်တော့ထိုးရမလဲ။

**ကလေးတွေအတွက်** အသက် ၁၂ လက ၂၃ လ အတွင်းမှာ ပထမအကြိမ် ထိုးပေးရပါမယ်။ အသက် ၂ နှစ်ပြည့်လို့မှ ကာကွယ်ဆေး ထိုးမထားတဲ့ ကလေးတွေကို နောင်မှာ ဆရာဝန်နဲ့သွားပြတဲ့အခါ ကာကွယ်ဆေး ထိုးနိုင်ပါတယ်။

**ရောဂါအန္တရာယ်ရှိနိုင်တဲ့ တခြားလူတွေအတွက်တော့** လူတစ်ယောက်က အသည်းရောင်အသားဝါ အေ ကနေ အကာအကွယ်လိုချင်တဲ့အခါဒါမှမဟုတ် ရောဂါပိုးရဖို့ အန္တရာယ် ရှိနေတဲ့အခါတို့မှာ ကာကွယ်ဆေးတွေကို စထိုးနိုင်ပါတယ်။

**ခရီးသွားတွေအတွက်** ခရီးမသွားခင် အနည်းဆုံး တစ်လအလိုမှာ ကြိုတင်ထိုးတာက အကောင်းဆုံးပါ။ (ခရီးသွားမယ့်ရက်မှာ ဒါမှမဟုတ် ဒီရက်နဲ့ကပ်ပြီးမှ ကာကွယ်ဆေးပေးရင်လည်း အကာအကွယ်တချို့ ရနိုင်ပါသေးတယ်။)

ခရီးမသွားခင် ကာကွယ်ဆေး မထိုးလိုက်နိုင်သူတချို့ ဒါမှမဟုတ် ကာကွယ်ဆေးက ထိရောက်မှုမရှိသူတချို့က အင်မျူးန် ဂလိုဘျူလင် (IG) လို့ခေါ်တဲ့ဆေး ထိုးနိုင်ပါတယ်။ IG က ယာယီကာကွယ်မှု ချက်ချင်း ပေးနိုင်ပါတယ်။

တာရှည်ခံတဲ့အကာအကွယ်ရဖို့အတွက် ကာကွယ်ဆေး နှစ်ကြိမ်ထိုးဖို့ လိုအပ်ပါတယ်။ ဒီဆေးတွေကို အနည်းဆုံး ၆ လခြားပြီး ပေးရပါမယ်။

အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးကိုတခြားကာ ကွယ်ဆေးတွေနဲ့ တချိန်တည်းမှာပဲပေးနိုင်ပါတယ်။



U.S. Department of Health and Human Services
Centers for Disease Control and Prevention

## 3 တချို့လူတွေက အသည်းရောင်အသားဝါ အေ ကာကွယ်ဆေး မထိုးသင့်ပါဘူး။ ဒါမှမဟုတ် စောင့်သင့်ပါတယ်။

- အရင်တစ်ကြိမ် အသည်းရောင် အသားဝါ အေ ကာကွယ်ဆေး ထိုးတုန်းက (အသက်အန္တရာယ်ရှိတဲ့အထိ) မတည့်တဲ့တုန့်ပြန်မှုရှိသူတွေက နောက်တစ်ကြိမ် မထိုးရပါဘူး။

- ကာကွယ်ဆေးမှာပါတဲ့အစိတ်အပိုင်းတစ်ခုနဲ့ (အသက် အန္တရာယ် ရှိတဲ့အထိ) အပြင်းအထန် မတည့်သူတွေက ကာကွယ်ဆေး မထိုးရပါဘူး။ **ရော်ဘာနဲ့ အပြင်းအထန် မတည့်တာအပြင် သင့်မှာ အပြင်းအထန်၊ မတည့်တာတွေ ရှိရင် သင့်ဆရာဝန်ကို ပြောပါ။** အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးတွေအားလုံးမှာ အလမ်ဓာတ်ပါပြီး တချို့ အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးတွေမှာ ၂ – ဖီနော့ဆီအက်သနော ပါပါတယ်။

- ကာကွယ်ဆေးထိုးဖို့ စီစဉ်ထားတဲ့အချိန်မှာ အသင့်အတင့် ဒါမှမဟုတ် အပြင်းအထန် ဖျားနာနေသူတွေက နေပြန်ကောင်းတဲ့အထိ စောင့်ပြီးမှ ကာကွယ်ဆေး ထိုးဖို့သင့်ပါတယ်။ သင့်ဆရာဝန်ကို မေးပါ။ နည်းနည်းပါပါး ဖျားနာနေသူတွေက သာမန်အားဖြင့် ကာကွယ်ဆေး ထိုးနိုင်ပါတယ်။

- သင့်မှာကိုယ်ဝန်ရှိနေရင် သင့်ဆရာဝန်ကို ပြောပါ။ အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးက ပိုးတွေထကြွခြင်းမရှိလို့ (သတ်ထားလို့) ကိုယ်ဝန်ဆောင် အမျိုးသမီး ဒါမှမဟုတ် သူမရဲ့ မမွေးရသေးတဲ့ကလေးအတွက် အန္တရာယ် အရမ်းနည်းတယ်လို့ ယူဆကြပါတယ်။ ဒါပေမဲ့ ပေါ်ပေါက်နိုင်မယ်လို့ ယူဆတဲ့အန္တရာယ်တွေနဲ့ ကာကွယ်တားဆီးမှုရဖို့ ကာကွယ်ဆေးထိုးဖို့ လိုအပ်ချက်တို့ကို သင့်ဆရာဝန်က ချိန်ဆနိုင်ပါတယ်။

## 4 အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးမှာ ဘာအန္တရာယ်တွေ ရှိသလဲ။

တခြားဆေးတွေလိုပဲ ကာကွယ်ဆေးမှာလည်းပြင်းထန် တဲ့ မတည့်တဲ့တုန့်ပြန်မှုတွေလို ပြင်းထန်တဲ့ပြဿနာတွေ ဖြစ်နိုင်ပါတယ်။ အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးကြောင့် ပြင်းထန်တဲ့ အနာတရဖြစ်မှု ဒါမှမဟုတ် သေဆုံးမှုဖြစ်ဖို့ အန္တရာယ်က အရမ်းနည်းပါတယ်။

အသည်းရောင်အသားဝါ အေ ကာကွယ်ဆေးထိုးတာက ဒီရောဂါရတာထက်စာရင် အန္တရာယ် အများကြီး ပိုကင်းပါတယ်။

### ပြဿနာ အနည်းအကျဉ်း

- ဆေးထိုးတဲ့နေရာမှာ နာတာ *(အရွယ်ရောက်သူ ၂ ယောက်မှာ ၁ ယောက်နဲ့ ကလေး ၆ ယောက်မှာ ၁ ယောက်လောက်)*

- ခေါင်းကိုက်တာ *(အရွယ်ရောက်သူ ၆ ယောက်မှာ ၁ ယောက်နဲ့ ကလေး ၂၅ ယောက်မှာ ၁ ယောက်လောက်)*

- အစားအသောက်ပျက်တာ *(ကလေး ၁၂ ယောက်မှာ ၁ ယောက်လောက်)*

- မောပန်းတာ *(အရွယ်ရောက်သူ ၁၄ ယောက်မှာ ၁ ယောက်လောက်)*

ဒီပြဿနာတွေပေါ်ရင် ၁ ရက် ၂ ရက်လောက် ကြာတတ်ပါတယ်။

### ပြင်းထန်တဲ့ပြဿနာတွေ

- ဆေးထိုးပြီး မိနစ်အနည်းငယ်ကနေ တစ်နာရီ နှစ်နာရီအတွင်း ဆေးနဲ့မတည့်တဲ့ ပြင်းထန်တဲ့တုန့်ပြန်မှု *(အရမ်းဖြစ်ခဲပါတယ်)*။

## 5 တုန့်ပြန်မှု အသင့်အတင့် ဒါမှမဟုတ် အကြီးအကျယ် ဖြစ်ရင်ရော။

### ကျွန်ုပ် ဘာတွေသတိထားကြည့်နေရမလဲ။

- အဖျားကြီးတာ၊ ဒါမှမဟုတ် ထူးခြားတဲ့အပြုအမူလို ထူးခြားတဲ့အခြေအနေတွေ။ ဆေးနဲ့မတည့်လို့ ကြီးအကျယ် တုန့်ပြန်တဲ့ လက္ခဏာတွေထဲမှာ အသက်ရှူခက်ခဲတာ၊ အသံအက်တာ ဒါမှမဟုတ် ချွဲသလိပ်သံနဲ့ အသက်ရှူတာ၊ အင်ပြင်ထတာ၊ ဖြူဖတ်ဖြူရော်ဖြစ်တာ၊ အားနည်းတာ၊ နှလုံးခုန် မြန်တာ ဒါမှမဟုတ် ခေါင်းမူးတာတို့ ပါနိုင်ပါတယ်။

### ကျွန်ုပ် ဘာလုပ်ရမလဲ။

- ဆရာဝန် **ခေါ်ပါ။** ဒါမှမဟုတ် အဲဒီလူကို ဆရာဝန်ဆီ ချက်ချင်း ခေါ်သွားပါ။
- ဘာဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့ ဖြစ်တဲ့ရက်စွဲ၊ အချိန်နဲ့ ကာကွယ်ဆေး ဘယ်တုန်းက ထိုးတယ်ဆိုတာတို့ကို သင့်ဆရာဝန်ကို **ပြောပါ။**
- သင့်ဆရာဝန်၊ သူနာပြု ဒါမှမဟုတ် ကျန်းမာရေးဌာနကို ကာကွယ်ဆေး ဆိုးကျိုး အဖြစ်အပျက် စနစ် (Vaccine Adverse Event Reporting System - VAERS) ပုံစံဖြည့်ပြီး ဆေးတုန့် ပြန်မှုကို **အစီရင်ခံခိုင်း** ပါ။ ဒါမှမဟုတ် သင်က ဒီအစီရင်ခံချက်ကို **ဥအဲရဆ** ဝက်ဆိုဒ်ဖြစ်တဲ့ **www.vaers.hhs.gov** ကနေ ဒါမှမဟုတ် **1-800-822-7967** ကို ဆက်ပြီး အစီရင်ခံနိုင်ပါတယ်။

*VAERS က ကျန်းမာရေးဆိုင်ရာ အကြံပေးတာ မလုပ်ပါဘူး။*

## 6 နိုင်ငံတော် ကာကွယ်ဆေးဆိုင်ရာ ထိခိုက်ဒဏ်ရာရမှု လျော်ကြေး အစီအစဉ်

နိုင်ငံတော် ကာကွယ်ဆေးဆိုင်ရာ ထိခိုက်ဒဏ်ရာရမှု လျော်ကြေး အစီအစဉ် (VICP) ကို ၁၉၈၆ မှာ စတင်ခဲ့ပါတယ်။

ကာကွယ်ဆေးတစ်မျိုးကြောင့် ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ ယူဆသူတွေက ဒီအစီအစဉ်အကြောင်း လေ့လာဖို့နဲ့ တိုင်ချက်ဖွင့်ဖို့ **1-800-338-2382** ကို ဖုန်းဆက်နိုင်ပါတယ်။ ဒါမှမဟုတ် VICP ဝက်ဆိုဒ်ကို **www.hrsa.gov/vaccinecompensation** မှာ ကြည့်နိုင်ပါတယ်။

## 7 နောက်ထပ် ဘယ်လို လေ့လာရမလဲ။

- သင့်ဆရာဝန်ကို မေးပါ။ သူတို့က ကာကွယ်ဆေး အထုပ်ထဲမှာ ထည့်ထားတဲ့စာရွက် သင့်ကို ပေးနိုင်ပါတယ်။ ဒါမှမဟုတ် တခြားအချက်အလက်တွေ အကြံပြုနိုင်ပါတယ်။

- သင့်ရဲ့ ဒေသခံ ဒါမှမဟုတ် ပြည်နယ် ကျန်းမာရေးဌာနကို ဖုန်းဆက်ပါ။
- ရောဂါထိန်းသိမ်းရေးနဲ့ ကာကွယ်ရေးစင်တာတွေ (CDC) ကို ဆက်သွယ်ပါ။ ။
  - **1-800-232-4636 (1-800-CDC-INFO)** ကို ဖုန်းဆက်ပါ။ ဒါမှမဟုတ်
  - CDC ရဲ့ ဝက်ဆိုဒ်ကို **www.cdc.gov/vaccines မှာ ကြည့်ပါ။**

---

Vaccine Information Statement (Interim)

# Hepatitis A Vaccine

10/25/2011 Burmese

42 U.S.C. § 300aa-26

Office Use Only

Translation provided by the Minnesota Department of Health